# ချင်းပြည်နယ် လွှတ်တော်

## ချင်းပြည်နယ်
## အစိုးရအဖွဲ့ဂုဏ်ထူးဆောင်လက်မှတ်များ၊
## ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

(၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် – ၆)

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

## ချင်းပြည်နယ်
## အစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

**(၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် -၆)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ်အစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ် များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်၊

(ဃ) ကော်မတီဆိုသည်မှာ ချင်းပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်များ ဂုဏ်ထူးရပစ္စည်းများ ချီးမြှင့်ရေးဆိုင်ရာ ပဏာမစိစစ်ရွေးချယ်ရေး ကော်မတီကို ဆိုသည်၊

(င) **ဂုဏ်ထူးဆောင်လက်မှတ်** ဆိုသည်မှာ ချင်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်၊

(စ) **ဂုဏ်ထူးဆောင်ဆုပစ္စည်း** ဆိုသည်မှာ ချင်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

## အခန်း(၂)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၃။ အစိုးရအဖွဲ့သည် ချင်းပြည်နယ် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရေးဆိုင်ရာ ပဏာမစိစစ်ရွေးချယ်ရေး ကော်မတီကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၄။ ဂုဏ်ထူးဆောင် လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကို အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များကို ချီးမြှင့်ရမည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) ပြည်နယ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်း



ဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည် များမှ သံတမန်များ၊ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊

(စ) စာပေနှင့်အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များ၊

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ်စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဈ) ပညာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်သူများနှင့် ထိုသို့ ထူးချွန်သူများထွက်ပေါ်အောင်ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

## အခန်း(၃)

## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၅။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၁)တွင် လိုအပ်သလို ဖြည့်စွက်လျက်အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၂)တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါ အတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှ တစ်ဆင့် ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ



ပုံစံ(၃)တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် ပြည်နယ်ဥပဒေချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) ပြည်နယ်ဥပဒေချုပ်က ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၄)တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါ အတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့်ကြီးကြပ်သူအရာရှိများမှတစ်ဆင့် ပြည်နယ်စာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) ပြည်နယ်စာရင်းစစ်ချုပ်က ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၅)တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာ တပ်စုမှူး/တပ်ခွဲမှူး/ တပ်ရင်းမှူးတို့က တပ်မမှူး/ တိုင်းမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တပ်မမှူး/တိုင်းမှူးက ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၀။ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တပ်မတော် ကွက်ကဲမှုအောက်ရှိ လက်နက်ကိုင် အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များ အတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၆)တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက် အဆင့်ဆင့် အုပ်ချုပ် ရေးမှူးများမှ တစ်ဆင့် ပြည်နယ်အုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) ပြည်နယ်အုပ်ချုပ်ရေးမှူးက ကော်မတီမှတစ်ဆင့် အစိုးရ အဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း(၄)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၁။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူး ဆောင်ဆုပစ္စည်းများနှင့်ပတ်သက်၍ အစိုးရအဖွဲ့သည် အောက်ပါ အကြောင်း တစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်-

(က) နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) နိုင်ငံတော်မူးယစ်ဆေးဝါး ဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုများကို ကျူးလွန်၍ တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊



(ဂ) ဌာနဆိုင်ရာ အရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်း ပေါ်ပေါက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်း စသောပြစ်ဒဏ် တစ်ရပ်ရပ်ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့် အပ်နှင်းခြင်းခံလိုက်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြ သည်နှင့်အညီ ချင်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူး ဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့် အပ်နှင်းပြီးနောက် မူလထောက်ခံချက်ပါ အချက် အလက်အကြောင်းအရာများနှင့်ပတ်သက်၍ မမှန်မကန် တင်ပြမှုပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပြည်နယ်၏ ဂုဏ်သိက္ခာ ညှိုးနွမ်း စေသည့်ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန် ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(စ) အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင် လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည် ရုပ်သိမ်း သင့်သည့် လုံလောက်သော အကြောင်း အချက် တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း (၅)

## အထွေထွေ

၁၂။ အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သော ကိစ္စရပ်များအတွက်ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

××××××× ×××××××× ××××××××

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

( ဟုန်းငိုင်း )
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

နောက်ဆက်တွဲ ပုံစံ(၁)

## ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ---------------------

၂။ (က) အမည် ---------------------
(ခ) အဘအမည် ---------------------
(ဂ) အသက် ---------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------
(င) အဆင့်/တာဝန် ---------------------
(စ) လုပ်ငန်းဌာန ---------------------
(ဆ) နေရပ်လိပ်စာ ---------------------

၃။ သက်ဆိုင်ရာကြီးကြပ်သူ အရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ
ရာထူး ---------------------
ဌာန ---------------------
ရပ်ကွက်/ကျေးရွာအုပ်စု ---------------------

ရက်စွဲ၊ ---------------------

၄။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၅။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၆။ ပြည်နယ်အဆင့်ကြီးကြပ်သူအရာရှိ အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၇။ သက်ဆိုင်ရာဝန်ကြီး၏ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

------------------------------ ဝန်ကြီးဌာန

ရက်စွဲ၊ --------------------

**နောက်ဆက်တွဲ ပုံစံ(၂)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း --------------------

၂။ (က) အမည် --------------------

(ခ) အဘအမည် --------------------

(ဂ) အသက် --------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------

(င) အဆင့်/တာဝန် --------------------

(စ) လုပ်ငန်းဌာန --------------------

(ဆ) နေရပ်လိပ်စာ --------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ၊ ---------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ၊ ---------------------

၆။ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ၊ ---------------------

နောက်ဆက်တွဲ ပုံစံ(၃)

**ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ---------------------

၂။ (က) အမည် ---------------------

(ခ) အဘအမည် ---------------------

(ဂ) အသက် ---------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------

(င) အဆင့်/တာဝန် ---------------------

(စ) လုပ်ငန်းဌာန ---------------------

(ဆ) နေရပ်လိပ်စာ ---------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ၊ ---------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၆။ ပြည်နယ်ဥပဒေချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်ဥပဒေချုပ်

ရက်စွဲ၊ --------------------

နောက်ဆက်တွဲ ပုံစံ(၄)

## ပြည်ထောင်စုစာရင်းစစ်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် -------------------- သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း

၂။ (က) အမည် --------------------

(ခ) အဘအမည် --------------------

(ဂ) အသက် --------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------

(င) အဆင့်/တာဝန် --------------------

(စ) လုပ်ငန်းဌာန --------------------

(ဆ) နေရပ်လိပ်စာ --------------------

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ --------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------

ဌာန -----------------------------

ရက်စွဲ၊ -------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------

ဌာန -----------------------------

ရက်စွဲ၊ -------------------

၆။ ပြည်နယ်စာရင်းစစ်ချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်စာရင်းစစ်ချုပ်

နောက်ဆက်တွဲ ပုံစံ(၅)

## တပ်မတော်သားများအား
## ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း
## ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း -------------------

၂။ (က) ကိုယ်ပိုင်အမှတ် -------------------

(ခ) အဆင့် -------------------

(ဂ) အမည် -------------------

(ဃ) အသက် -------------------

(င) အမှုထမ်းသက် -------------------

(စ) တပ်ဖွဲ့ -------------------

၃။ တပ်စုမှူး/တပ်ခွဲမှူးက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်စုမှူး/တပ်ခွဲမှူး

ရက်စွဲ၊ -------------------

၄။ တပ်ရင်းမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ၊ -------------------

၅။ တပ်မမှူး/တိုင်းမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ၊ ---------------------

နောက်ဆက်တွဲ ပုံစံ(၆)

## အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း

၂။ (က) အမည် ----------------------
(ခ) အဘအမည် ----------------------
(ဂ) အသက် ----------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------
(င) အဆင့်/တာဝန် ----------------------
(စ) လုပ်ငန်းဌာန ----------------------
(ဆ) နေရပ်လိပ်စာ ----------------------

၃။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
---------------ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ၊ ---------------------

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

မြို့နယ်အုပ်ချုပ်ရေးမှူး
--------------------မြို့နယ်

ရက်စွဲ၊ --------------------

၅။ ခရိုင်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ခရိုင်အုပ်ချုပ်ရေးမှူး
-------------------- ခရိုင်

ရက်စွဲ၊ --------------------

၆။ ပြည်နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက်။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ပြည်နယ်အုပ်ချုပ်ရေးမှူး

ရက်စွဲ၊ --------------------